၁၇-၉-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ် ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၅၆၀၀ | ၁၃၅၀၀ | ၃၀၀၀၀ | ⬇ ၁၁၃၃၅ | ၄၄၀၅ | ၄၂၈၀ | - | ၅၅၀၅ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၄၅၀၀ | ၁၂၀၀၀ | ၂၆၀၀၀ | ၉၃၅၀ | ၄၁၄၅ | ၄၀၂၀ | ၄၃၄၀ | ၅၂၅၀ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၅၀ | ၁၀၂၀၀ | ၃၀၀၀၀ | - | ၇၄၅၀ | ၇၀၅၀ | ၆၉၀၀ | - | ၁၀၁၂၀၀၀၀ |
| ၄ | တောင်ကြီး | ၄၀၀၀ | ၉၁၀၀ | ၁၈၀၀၀ | ၈၂၅၅ | ၄၁၅၀ | ၃၉၈၀ | ၄၃၀၀ | ၅၂၀၅ | ၁၀၈၀၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၅၀၀ | ၇၅၀၀ | ၂၃၀၀၀ | ၈၁၅၀ | ၄၁၁၅ | ၃၉၉၀ | ၄၃၁၀ | ၅၂၁၅ | ၁၀၁၀၀၀၀၀ |
| ၆ | ဘားအံ | ၃၇၅၀ | ၇၈၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၄၀၅၅ | ၃၉၃၀ | ၄၂၅၅ | ၅၁၅၅ | ၁၀၂၆၀၀၀၀ |
| ၇ | မော်လမြိုင် | ၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၇၉၀၀ | ၄၁၉၀ | ၄၀၅၅ | ၄၇၅၀ | ၅၂၇၀ | ၉၉၅၀၀၀၀ |
| ၈ | ထားဝယ် | ၄၁၀၀ | ၇၄၀၀ | ၂၄၀၀၀ | ၈၄၆၀ | ၄၁၂၅ | ၃၉၉၅ | ၄၃၂၀ | ၅၂၂၅ | ၁၀၀၇၀၀၀၀ |
| ၉ | မြိတ် | ၄၁၀၀ | ၇၃၀၀ | ၂၃၀၀၀ | ၈၆၇၀ | ၄၂၀၀ | ၄၀၀၀ | ၄၈၀၅ | ၅၂၅၅ | ၁၀၁၂၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၆၀၀ | ၇၀၀၀ | ⬆ ၂၅၀၀၀ | ၇၆၅၀ | ၃၉၅၀ | ၃၈၂၅ | ၄၁၅၀ | ၅၀၅၀ | ၁၀၀၇၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၉၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၇၉၆၀ | ၄၀၃၅ | ၃၉၁၀ | ၄၂၃၅ | ၅၁၃၅ | ၉၉၄၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၂၅၀၀ | ၃၄၀၀၀ | - | ၄၃၄၅ | ၄၂၂၀ | ၄၅၃၀ | ၅၄၄၅ | ၉၉၇၀၀၀၀ |
| ၁၄ | မုံရွာ | ၅၀၀၀ | ၁၀၁၀၀ | ၂၁၅၀၀ | ၈၆၀၅ | ၄၁၅၅ | ၄၀၃၀ | ၄၃၅၀ | ၅၂၆၀ | ၁၀၀၂၀၀၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၈၅၀၀ | ၄၁၀၅ | ၃၉၈၀ | ၄၃၀၀ | ၅၂၀၅ | ၁၀၀၇၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | ၇၅၀၀ | ၂၁၅၀၀ | ၈၄၉၀ | ၄၁၁၀ | ၃၉၈၀ | ၄၃၀၅ | ၅၂၁၀ | ၁၀၁၀၀၀၀၀ |
| ၁၇ | မကွေး | ၄၈၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၈၃၁၅ | ၄၁၁၀ | ၃၉၈၀ | ၄၃၀၅ | ၅၂၁၀ | ၁၀၁၀၀၀၀၀ |
| ၁၈ | ပြည် | ၃၅၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၈၀၅၅ | ၃၉၉၆ | ၃၈၇၂ | ၄၁၉၆ | ၅၁၀၁ | ၁၀၁၀၀၀၀၀ |
| ၁၉ | ပဲခူး | ၃၅၀၀ | ၇၂၀၀ | ၂၂၀၀၀ | ၇၈၄၀ | ၃၉၆၅ | ၃၈၄၀ | ၄၁၆၅ | ၅၀၆၅ | ၉၉၅၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၈၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၈၀၇၀ | ၄၀၅၅ | ၃၉၃၀ | ၄၂၅၅ | ၅၁၅၅ | ၁၀၀၇၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၈၀၀ | ၈၀၀၀ | ၂၃၂၀၀ | ၈၀၇၀ | ၄၀၅၅ | ၃၉၃၀ | ၄၂၅၅ | ၅၁၅၅ | ၁၀၀၇၀၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | | ၂၁၀၀၀ | ၈၇၁၀ | ၅၁၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၀၀၀၀၀၀၀ |

# The Consumer Affairs News Letter

Monthly News Letter | August 2026 | Department of Consumer Affairs



## အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြင့်တင်ရေးအတွက် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN-Korea Free Trade Area-AKFTA) အဆင့်မြင့်တင်ရာတွင် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးအခန်း (Competition and Consumer Protection Chapter) အတွက် စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရေး ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက်နှင့် ဘာသာရပ်တာဝန်ခံတစ်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှုကော်မရှင်မှ ဒေါ်ဝေရည်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြပါသည်။

ထိုအစည်းအဝေးတွင် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးအခန်း၏ စာသားမူကြမ်းနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်များ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် စားသုံးသူကာကွယ်ရေးဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အပိုဒ်များကို ဆွေးနွေး

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃
၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ
၂။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်
**ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၁
၃။ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြင့်တင်ရေးအတွက် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်
**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄
၄။ ရေခဲသေတ္တာဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၅။ အစားအသောက်ပို့ဆောင်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၆။ ဦးထုပ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၇။ အွန်လိုင်းမှအကျီဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၈။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း
**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈
၉။ တိုင်းဒေသကြီးများအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်
၁၀။ ပြည်နယ်များအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
၁၁။ ၂၀၂၆ခုနှစ်၊ ဇူလိုင်အတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ
၁၂။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ
**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၄
၁၃။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၄။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၅။ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၂
၁၆။ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ
၁၇။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု
**ကုန်သွယ်မှုကဏ္ဍ** ၂၄
၁၈။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



*စာမျက်နှာ ၂၂ မှ အဆက်*

အုပ်စု ၄ စုခွဲ၍ ကောက်ခံလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါး သိုလှောင်ရုံ ၅,၈၃၅ လုံး မှတ်ပုံတင်ထားရှိကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ထားသည့် စာရင်း (၃.၁၁.၂၀၂၃ မှ ၃၁.၇.၂၀၂၆) ထိ

| စဉ် | တိုင်းဒေသကြီး | ကုမ္ပဏီ | | | လုပ်ငန်းရှင်/လုပ်ငန်းရှင် | | | သိုလှောင်ရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | အကြီးစား | အသေးစား | အလတ်စား | အကြီးစား | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၁ | ၂ | ၅၄ | ၅၄ | ၇၈ | ၁၈၉ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ၀ | ၀ | ၀ | ၁၁၀ | ၁၂ | ၅ | ၁၂၇ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေ | ၀ | ၁ | ၉ | ၆၃ | ၇၉ | ၂၅ | ၁၇၇ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂ | ၃ | ၂၄ | ၁၆၈ | ၅၇၇ | ၃၂၈ | ၁၁၀၂ |
| ၅ | မကွေးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁၆၄ | ၁၉၁ | ၃၅ | ၃၉၁ |
| ၆ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၂၀ | ၂၇၆ | ၁၉၉ | ၅၄ | ၅၅၇ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၁၄ | ၂၁၅ | ၂၈၂ | ၃၂၈ | ၁၄၈ | ၉၉၁ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၂၇ | ၇၁ | ၃၈၇ | ၇၉၃ | ၆၂၇ | ၁၉၀၅ |
| ၉ | ကချင်ပြည်နယ် | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၄ |
| ၁၀ | ကရင်ပြည်နယ် | ၀ | ၀ | ၂ | ၂၆ | ၁၆ | ၃ | ၄၇ |
| ၁၁ | မွန်ပြည်နယ် | ၀ | ၀ | ၁ | ၆၆ | ၇၅ | ၁၁ | ၁၅၃ |
| ၁၂ | ရခိုင်ပြည်နယ် | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၃ |
| ၁၃ | ကယားပြည်နယ် | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ |
| ၁၄ | ရှမ်းပြည်နယ် | ၀ | ၅ | ၂ | ၈၀ | ၇၄ | ၂၆ | ၁၈၇ |
| | စုစုပေါင်း | ၇ | ၅၉ | ၃၄၇ | ၁၆၇၉ | ၂၄၀၂ | ၁၃၄၁ | ၅၈၃၅ |

**Source:** သတင်း/နည်း

## သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ဓာတ်ခွဲစမ်းသပ် ဆောင်ရွက်ခဲ့မှုအခြေအနေ



စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း လုပ်ငန်းရှင် ၁၈ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၅ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၅၀ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၉၉ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ ဆန်ကွဲ၊ နှမ်းနက် (သိပ္ပံ)၊ နှမ်းဖြူ ပဲလွန်း၊ ပဲယင်း၊ ပဲယင်းနီ၊ ပဲစဉ်းငုံ၊ မတ်ပဲ၊ နေကြာဖတ်၊ မြေပဲဖတ်တို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုနှင့် ရူပအရည်အသွေး စသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်း ဓာတ်ခွဲခန်းမှ ၃၅ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၄ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၃၈ ခု၊ သီးနှံဓာတု ဓာတ်ခွဲခန်းမှ ၉ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၃ ခု စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၉၉ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

### မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှုအခြေအနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် စနစ်တကျမှတ်ပုံတင်နိုင်သည့် မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online – My RO) အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာဆန်စပါးအွန်လိုင်း (My RO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံမှတ်ပုံတင်ခြင်း လုပ်ငန်းများကို သိုလှောင်ရုံ အကျယ်အဝန်း သတ်မှတ်ချက်များအလိုက်

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*



## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

*ရှေ့ဖုံးမှအဆက်*

ခဲ့ကြောင်း၊ ထို့အပြင် ယှဉ်ပြိုင်မှုကိုဆန့်ကျင်သော ဆောင်ရွက်ချက်များအပေါ် သင့်လျော်သော အရေးယူဆောင်ရွက်မှုများအပိုဒ်၊ စားသုံးသူကာကွယ်ရေးဆိုင်ရာအပိုဒ် ၁၊ ၃၊ ၄၊ ၆ နှင့် အွန်လိုင်းစားသုံးသူကာကွယ်ရေးဆိုင်ရာ စာသားမူကြမ်းတို့ကို သဘောတူညီခဲ့ကြောင်း၊ ကျန်ရှိနေသည့် အကြောင်းအရာများကို ဆက်လက်ညှိနှိုင်း၍ အပြီးသတ်နိုင်ရေး ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ ဆက်လက်၍ တတိယအကြိမ် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလခန့်တွင် ကျင်းပရန်လျာထားပြီး အဆိုပါအစည်းအဝေးတွင် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးရလဒ်များကို အစီရင်ခံ တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ကျင်းပ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ကယားပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို ၇-၇-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၅-၇-၂၀၂၆ ရက်နေ့တွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၃-၇-၂၀၂၆ ရက်နေ့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၇-၇-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၈-၇-၂၀၂၆ ရက်နေ့တွင် လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ၃၀-၇-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း (၇) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ် ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်ကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စားသုံးသူရေးရာကော်မတီများကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ထို့အတူ စားသုံးသူအငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အထောက်အကူပြု လုပ်ငန်းကော်မတီများဖြစ်သည့် ငွေရေးကြေးရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် အစားအသောက်/ဆေးဝါး၊ ဆေးပစ္စည်းနှင့်အလှကုန်ပစ္စည်းကဏ္ဍနှင့် အိမ်ရာကဏ္ဍတို့ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### ရေခဲသေတ္တာဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ကုမ္ပဏီတစ်ခုမှ အာမခံသက်တမ်း (၅) နှစ် ပါရှိသည့် ရေခဲသေတ္တာ ဝယ်ယူခဲ့ပါကြောင်း၊ အာမခံသက်တမ်း (၃) နှစ်တွင် ရေခဲသေတ္တာ မအေးတော့သဖြင့် ကုမ္ပဏီသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ Compressor လဲလှယ်ရန်လိုအပ်ကြောင်း ပြောကြားလာပြီး အာမခံသက်တမ်းအတွင်း အကျုံးဝင်သော်လည်း တန်ဖိုးပေးအပ်ရမည်ဖြစ်ကြောင်း ပြောကြားလာသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့်တိုင်ကြားလာပါသည်။ အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့်ကုမ္ပဏီမှ တာဝန်ရှိသူများထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ ကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် တိုင်ကြားသူနှင့်ဆက်သွယ်၍ ဖြေရှင်းရာတွင် နှစ်ဦးနှစ်ဖက်ပြေလည်မှုမရှိသောကြောင့် ဌာနမှ တာဝန်ရှိသူများက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တိုင်ကြားသူတို့အား ဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဌာနမှတာဝန်ရှိသူများ၏ ညှိနှိုင်းဆွေးနွေးပေးခဲ့မှုများအရ ကုမ္ပဏီက တိုင်ကြားသူ၏ ရေခဲသေတ္တာမှ ပျက်စီးနေသည့် Compressor အား အသစ်ဖြင့် အစားထိုးလဲလှယ်ပေးခဲ့ပါကြောင်း၊ တိုင်ကြားသူအနေဖြင့် အဆိုပါရေခဲသေတ္တာ၏ Driving Card နှင့်

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၀ မှအဆက်*

ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများအကြောင်း၊ အသိပညာပေး ဟောပြောခဲ့ကြောင်း၊ တောင်ကြီးမြို့နယ် နောင်ဟစ်ကျေးရွာရှိ ထောပတ်သီးစိုက်တောင်သူများ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၃) အတွင်းရှိ ဝက်ခေါက်အမဲခေါက် ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

**၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ဇူလိုင်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | တိုင်းစားသုံးသူ ရေးရာကော်မတီ အစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း | လုပ်ငန်းရှင် တွေ့ဆုံ ဆွေးနွေးခြင်း | သင်တန်းများ ဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ် ကောလိပ် သိပ္ပံ | ရပ်ကွက် ကျေးရွာ | တပ်ရင်း+ ဌာန+ အသင်း | Online/ Media (Talk Show) | စက်ရုံ အလုပ်ရုံ | ဈေး | အခြား | စုစုပေါင်း | | | | |
| ၁ | ကချင် | ၂ | - | ၁ | ၁ | ၁ | - | - | - | ၅ | - | ၄ | ၁ | - |
| ၂ | ကယား | ၁ | - | - | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၃ | ကရင် | ၈ | - | - | - | - | - | - | - | ၈ | - | ၄ | - | - |
| ၄ | ချင်း | - | - | ၁ | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | ၆ | ၁ | ၂ | - | - | ၁ | - | - | ၁၀ | - | ၂၂ | ၁ | - |
| ၆ | တနင်္သာရီ | ၄ | ၁ | - | ၂ | - | - | - | - | ၇ | - | ၇ | ၁ | - |
| ၇ | ပဲခူး | ၂၄ | ၃ | ၇ | ၆ | ၃ | - | ၂ | - | ၄၅ | - | ၅၅ | - | ၁ |
| ၈ | မကွေး | ၁၂ | ၁ | ၂ | ၆ | ၃ | - | - | ၁ | ၂၅ | - | ၃၀ | ၁ | ၁ |
| ၉ | မန္တလေး | ၁၆ | - | ၅ | ၂ | ၇ | ၇ | ၁ | ၁ | ၃၉ | - | ၄၀ | ၂ | ၁ |
| ၁၀ | မွန် | ၈ | - | ၁ | ၃ | - | - | - | - | ၁၂ | - | ၅ | ၁ | - |
| ၁၁ | ရခိုင် | - | - | - | - | - | - | - | - | - | - | ၁ | - | - |
| ၁၂ | ရန်ကုန် | ၇ | - | ၁ | ၃ | ၁ | - | ၅ | - | ၁၇ | - | ၂၂ | - | ၁ |
| ၁၃ | ရှမ်းတောင် | ၄ | - | - | ၁ | - | - | - | - | ၅ | - | ၁၂ | - | ၁ |
| ၁၄ | ရှမ်းမြောက် | ၂ | - | - | - | - | - | - | - | ၂ | - | ၅ | - | - |
| ၁၅ | ရှမ်းအရှေ့ | ၁ | - | - | - | - | - | - | ၁ | ၂ | - | ၁ | - | - |
| ၁၆ | ဧရာဝတီ | ၃၁ | ၂ | ၂၁ | ၈ | ၂၃ | ၅ | - | - | ၉၀ | ၁ | ၃၈ | ၁ | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၂ | - | - | ၃ | - | - | - | - | ၅ | ၁ | ၃ | ၁ | - |
| | ပြည်ထောင်စုချုပ် | ၁၂၈ | ၈ | ၄၁ | ၃၅ | ၃၈ | ၁၃ | ၈ | ၃ | ၂၇၄ | ၂ | ၂၅၁ | ၉ | ၇ |

**Source:** ပညာပေး

စာမျက်နှာ ၁၉ မှ အဆက်

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အ. ထ. က (၁)၊ အ. ထ. က ခွဲ (၃)၊ အ. မ. က (၁၂) ကျောင်းနှင့် အ. ထ. ကခွဲ (၁) ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများအားလည်းကောင်း၊ မြဝတီမြို့ အ. မ. က (၁၅)၊ အ. ထ. က ခွဲ (၂)၊ အ. ထ. က (၁) နှင့် အ. မ. က (ရွှေကင်း) ကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ အားလည်းကောင်း၊ ဘားအံမြို့ မူလွန် (၁) ကျောင်းနှင့် အ. မ. က (၅) ကျောင်းရှိ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလည်းကောင်း စားသုံးသူ ကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ ကုန်အညွှန်း အမှတ်အသားဆိုင်ရာများနှင့် ပတ်သက်သည့်အချက် အလက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြား နိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံ ဆွေးနွေးခြင်း အနေဖြင့် ဘားအံမြို့ရှိ ဆီလုပ်ငန်းရှင်၊ မုန့်လုပ်ငန်းရှင်နှင့် မှိုစီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင် မြို့နယ် အ. ထ. က ရွှေနတ်တောင်ကျောင်း၊ ကော့ခနိ ကျေးရွာ ဘုန်းကြီးကျောင်း၊ ကျိုက်မရောမြို့နယ် အ. လ. က (ခွဲ) သယ်နံကျောင်း၊ မုဒုံမြို့နယ်ရှိ ရက်ကန်း နှင့် သက်မွေးပညာသင်တန်းကျောင်း၊ ချောင်းဆုံမြို့နယ် မူလွန်နတ်မော်ကျောင်းနှင့် အ. မ. က တကူပတီကျောင်း၊ သထုံမြို့နယ် အ. ထ. က (၂) ကျောင်း၊ ဘီးလင်းမြို့နယ် အ. ထ. က (၁) ကျောင်းနှင့် အ. မ. က (၃) ကျောင်း၊



ကျိုက်ထိုမြို့နယ် အ. ထ. က (၁) ကျောင်း၊ ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ အ. မ. က (လွန်) ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာများအကြောင်း အသိ ပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် မုဒုံမြို့နယ် တော်ကူးတံခွန်တိုင်ကျေးရွာ ခေါင်းအုံးမုန့်လုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ် ခရိုက်သစ်ကျေးရွာရှိ သောက်ရေသန့် လုပ်ငန်းရှင်၊ ကျိုက်ထိုမြို့ရှိ သစ်သီးယိုစုံ လုပ်ငန်းရှင်၊ ပေါင်မြို့ ပေါင်းရပ်ကွက်ရှိ ရေအိုးစင်သောက်ရေသန့် လုပ်ငန်းရှင်တို့နှင့်တွေ့ဆုံခဲ့ပြီး စားသုံးသူကာကွယ်ရေး ဥပဒေတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ အ. ထ. က (၁၀) ကျောင်း၊ အောင်ပန်းမြို့ အ. ထ. က (၈) ကျောင်းနှင့် ကျိုင်းတုံမြို့ အ. ထ. က (၁) ကျောင်း တို့၌ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျိုင်းတုံမြို့ အကျဉ်းဦးစီးဌာနမှ စားသုံးသူပြည်သူများ၊ လားရှိုးမြို့ အမှတ် (၅)၊ အ. ထ. က ကျောင်းမှ

စာမျက်နှာ ၂၁ ကော်လံ ၁ သို့



စာမျက်နှာ ၄ မှအဆက်

ပိုက်လိုင်းများကို ရှင်းလင်းပြီး Gas ဖြည့်ပေးခြင်းများ အတွက် ကုန်ကျစရိတ်ငွေအား ပေးအပ်ခဲ့ပါကြောင်း၊ ပြင်ဆင်ပြီးစီးသည့် ရေခဲသေတ္တာအား တိုင်ကြားသူထံ ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြား လာသဖြင့် ဌာနမှတာဝန်ရှိသူက တိုင်ကြားသူထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ရေခဲသေတ္တာမှာ အသုံးပြု၍ အဆင်ပြေနေပြီဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါ ကြောင်း၊ အဆိုပါတိုင်ကြားမှုကို စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အစားအသောက်ပို့ဆောင်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် အစားအသောက်ပို့ဆောင်ရေး App တစ်ခု မှ Order မှာရန် Order တန်ဖိုးငွေ ကျပ် ၃၆,၁၅၀/- အား Online Payment ဖြင့် ပေးချေရာတွင် Payment successful မပြသဖြင့် နေ့လယ် ၁၂:၀၅ နာရီအချိန်တွင် Cancel ပြုလုပ်ခဲ့ရာ Order Cancel ဖြစ်သွားသော်လည်း Online Payment မှ ငွေဖြတ် တောက်သွားသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြား လာပါသည်။




အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိ သူများက တိုင်ကြားခံရသည့် အစားအသောက်ပို့ဆောင်ရေး ကုမ္ပဏီသို့ ဆက်သွယ်မေးမြန်းခဲ့ရာ ကုမ္ပဏီမှ တာဝန်ရှိ သူများသည် တိုင်ကြားသူအားဆက်သွယ်၍ အော်ဒါကုတ် နံပါတ်တောင်းပြီး စစ်ဆေးရာတွင် တိုင်ကြားသူသည် အမှာစာ (Order) အား စားသောက်ဆိုင်ဘက်မှလက်ခံ၍ ပြင်ဆင်ချက်ပြုတ်ပြီးစီးသည့် နောက်ပိုင်းတွင်မှ “အမှာစာ ပြင်ဆင်ခွင့်မရရှိခြင်း” (Order modification not possible) ဟူသော အကြောင်းပြချက်ဖြင့် အမှာစာ (Order) အား ပယ်ဖျက် (Cancel) ခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်ကြားသူသည် ငွေပြန်အမ်းပေးရန် လူမှုကွန်ရက် စာမျက်နှာအဖွဲ့ (So Me Team) ထံသို့ ဆက်သွယ် တောင်းဆိုခဲ့သော်လည်း ကုမ္ပဏီ၏မူဝါဒ (Policy) အရ စားသောက်ဆိုင်မှ အမှာစာအား လက်ခံပြီးစီးသည့် နောက်ပိုင်းတွင် ဝယ်ယူသူဘက်မှ ပယ်ဖျက်ခြင်းဖြစ်ပါက ငွေပြန်အမ်းခွင့်မရှိပါကြောင်း၊ ယခုဖြစ်စဉ် အဆင့်အတန်း အား အရေးကြီးအဆင့်အဖြစ် သတ်မှတ်ကာ ယခု တစ်ကြိမ်တွင် ခြွင်းချက်အနေဖြင့် ဖြေလျှော့မှုပြုလုပ် ပေးရန်နှင့် ငွေပြန်အမ်းရေးအဖွဲ့သို့ ဆက်လက်လွှဲပြောင်း ပေးရန် ပြန်လည်ညွှန်ကြားခဲ့ပြီး တိုင်ကြားသူ၏ Wave Money အကောင့်ထဲသို့ ဇွန်လ ၉ ရက်နေ့တွင် ငွေ

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ အဆက်

ပြန်လည်ထည့်ပေးခဲ့ပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာသဖြင့် ဌာနမှ တာဝန် ရှိသူများသည် တိုင်ကြားသူထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ Refund ငွေပြန်လည်ရရှိကြောင်း ဖြေကြားလာသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဦးထုပ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ကုမ္ပဏီတစ်ခုတွင် ဦးထုပ်အလုံး (၁၀၀) အတွက် စရံငွေကျပ် ၄၀၀,၀၀၀/- ပေးသွင်း၍ ၇-၆-၂၀၂၆ ရက်နေ့အမီ ဦးထုပ်များပေးပို့ရန် ပြောကြားခဲ့သော်လည်း ကုမ္ပဏီမှ ပေးပို့နိုင်ခြင်းမရှိပါကြောင်း၊ ထိုသို့ ပေးပို့နိုင်ခြင်းမရှိသည့်အပေါ် ကုမ္ပဏီအနေဖြင့် တစ်စုံတစ်ရာ တာဝန်ယူဆောင်ရွက်ပေးမှုမရှိဘဲ စရံငွေပြန်အမ်းပေးမည်ဟုသာ ပြောကြားလာပြီး ပစ္စည်းအပ်နှံမှု မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့်တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့်ကုမ္ပဏီမှ တာဝန်ရှိသူများထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ တိုင်ကြားသူသည် ကုန်ပစ္စည်းမှာယူရာတွင် ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ရင့်သီးစွာပြောဆိုခဲ့ကြောင်း၊ ကုမ္ပဏီမှ ဝန်ထမ်းများက တိုင်ကြားသူမှာကြားသည့် ကုန်ပစ္စည်းကို ထုတ်လုပ်ပြီးသည့် သတ်မှတ်ရက်တွင် တိုင်ကြားသူထံ ဆက်သွယ်သော်လည်း ဆက်သွယ်မှုကို လက်မခံဘဲ စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားစာ ပေးပို့ခြင်းဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ကုန်ပစ္စည်းအမှာများ လက်ခံဆောင်ရွက်ရာတွင် ကျသင့်တန်ဖိုး၏ ၅၀% ကိုသာ ကောက်ခံဆောင်ရွက်ရခြင်းဖြစ်ပြီး ကုန်ကြမ်းနှင့် စားစရိတ်အတွက် ကုန်ကျငွေမှာ ကျသင့်တန်ဖိုး၏ ၈၅% ရှိပါကြောင်း၊ ကုန်ပစ္စည်းများမှာကြားပြီး မယူဖြစ်ပါက နစ်နာဆုံးရှုံးသူမှာ ကုမ္ပဏီသာဖြစ်ပါကြောင်း၊ သို့သော် တိုင်ကြားသူ စိတ်ကျေနပ်စေရန် လက်ခံထားသော စရံငွေကျပ် ၄၀၀,၀၀၀/-အား ၂၉-၆-၂၀၂၆ ရက်နေ့တွင် တိုင်ကြားသူ၏ K pay နံပါတ်သို့ ပြန်လည် ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီမှတာဝန်ရှိသူများက ငွေလွှဲပြေစာနှင့်အတူ ပြန်လည်တင်ပြလာမှုကို တိုင်ကြားသူထံ အကြောင်းကြားရာ စရံငွေပြန်လည်ရရှိပြီး ကျေနပ်ပါသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အွန်လိုင်းမှအင်္ကျီဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Clothing Online Shop တစ်ခုမှ အမျိုးသမီးဝတ် ဝမ်းဆက် (၂) စုံ မှာယူခဲ့ရာ ပစ္စည်းရောက်ရှိချိန်တွင် မှာယူခဲ့သည့် ဝမ်းဆက် (၂) စုံအနက် (၁) စုံမှာ မှားယွင်း နေသည်ကို တွေ့ရှိရသဖြင့် Online Shop သို့ ဆက်သွယ်ပြောကြားခဲ့ရာ အရောင်တူ

စာမျက်နှာ ၇ ကော်လံ ၁ သို့



## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့နယ်၊ နောင်နန်းကျေးရွာရှိ အမှတ် (၈) မူလတန်းလွန်ကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ရောရပ်ကွက်ရှိ ဌာနဆိုင်ရာများနှင့်အသင်းအဖွဲ့များအားလည်းကောင်း၊ မိုးညှင်းမြို့ အောင်ချမ်းသာရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ နားခါရပ်ကွက်၊ အ. ထ. က ကျောင်း (ခွဲ) မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အပြင် မိုးညှင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ (Talk Show) အစီအစဉ် ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်ရှိ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ကဝါးခရပ်ကွက်ရှိ




ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်နှင့် မိုးညှင်းမြို့၊ စိမ်းမြောက်ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ သိမ်အင်းရပ်ကွက်ရှိ အီလက်ထရောနစ်ပစ္စည်းမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာများနှင့်ပတ်သက်သည့် အချက်အလက်များကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့၊ အမှတ်(၂) အ. ထ. က ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့နောက် လွိုင်ကော် မြို့ပေါ်ရှိ ကိတ်မုန့်၊ ပေါင်မုန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသောလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားအကြောင်းနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင်သည့်နည်းလမ်းများအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့

*စာမျက်နှာ ၁၇ မှအဆက်*

ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ် (၃) ရပ်ကွက်၊ ကျုံပျော်မြို့နယ်၊ ကျုံတာကျေးရွာ၊ သာပေါင်းမြို့နယ် အမှတ် (၂) ရပ်ကွက်နှင့် ငပုတောမြို့နယ် တောင်ပိုင်းတို့ရှိ ပြည်သူများအားလည်းကောင်း၊ ဇီးဖြူကွင်း အ. ထ. က ကျောင်း၊ ရေကြည်မြို့ အ. ထ. က ကျောင်း၊ ကျောင်းကုန်းမြို့ အ. ထ. က ကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြမြို့နယ် သဇင်ကုန်းကြီးကျေးရွာနှင့် ဘုရားငုတ်တိုကျေးရွာ၊ ဝါးခယ်မမြို့နယ် ဦးပိတ်တိုကျေးရွာတို့မှ ပြည်သူများ၊ လပွတ္တာနယ်ရှိ အုပ်ချုပ်ရေးမှူးများ၊ ဝါးခယ်မမြို့နယ် စက်မှုလက်မှုအထက်တန်းကျောင်း၊ အိမ်မဲမြို့နယ် ဆိတ်ချေးကုန်း အ. မ. က ကျောင်း၊ မော်ကျွန်းမြို့ အ. ထ. က (၂) ကျောင်းတို့မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်မြို့နယ် ပညာခေတ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ထက်မြတ် ရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ ညောင်တုန်းမြို့နယ် နတ်ပေး အ. ထ. က ကျောင်း၊ မဲဇလီ အ. ထ. ကကျောင်း၊ ဆားမလောက် အ. ထ. ကကျောင်း၊ သွန်းဘုရားကြီး အ. ထ. ကကျောင်း၊ ပန်းတနော်မြို့နယ် အကယ်ချောင်း အ. ထ. က-ခွဲကျောင်း၊ ဓနုဖြူမြို့နယ် ရွှေကူ အ. ထ. က ကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့နယ် အ. ထ. က (၄) ကျောင်း၊ TTA ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘိုကလေးမြို့နယ် သပြေကုန်းကျေးရွာရှိ ပြည်သူများ၊ အ. ထ. က (၃) ကျောင်း၊ မူလွန်ကျောင်း၊ ကျိုက်လတ်မြို့နယ် အ. ထ. က (၂) ကျောင်း၊ အ. ထ. က သပြေဆိပ်ကျောင်း၊ အ. မ. က (၃) ကျောင်း၊ အ. မ. က (၆) ကျောင်း၊ ဒေးဒရဲမြို့ အ. မ. က လေးကုန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာရှိ စားသုံးသူပြည်သူများ၊ မီးသတ်ဦးစီး ဌာနမှ ဝန်ထမ်းနှင့်မိသားစုဝင်များအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ရှိ ဆီလုပ်ငန်းရှင်များ၊ ဒေးဒရဲမြို့နယ်မှ ဆန်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် သာပေါင်းမြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ မုန့်ဆိုင်လုပ်ငန်းရှင်များ၊ ဟင်္သာတခရိုင် မြန်အောင်မြို့နယ်ရှိ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များ၊ မြောင်းမြခရိုင်အတွင်းရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ ဝါးခယ်မမြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ လပွတ္တာမြို့နယ်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ အိမ်မဲမြို့နယ်ရှိ မုန့်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ မော်ကျွန်းမြို့နယ်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ မအူပင်မြို့နယ်ရှိ အသေးစား လုပ်ငန်းလုပ်ကိုင်နေသော လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**



*စာမျက်နှာ ၆ မှ အဆက်*

ပစ္စည်းမှာ ကုန်နေကြောင်း ပြောကြားလာသောကြောင့် ငွေပြန်အမ်းပေးရန်ပြောကြားခဲ့မှုအပေါ် ဆောင်ရွက်ပေးမှုမရှိဘဲ Block သွားသောကြောင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Email မှတစ်ဆင့် တိုင်ကြားလာပါသည်။



အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် Clothing Online Shop တစ်ခုမှ တာဝန်ရှိသူများထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ Online Shop မှ တာဝန်ရှိသူများသည် တိုင်ကြားသူအား ဆက်သွယ်၍ အဆင်မပြေဖြစ်ပွားခဲ့မှုများအပေါ် တောင်းပန်စကားပြောကြားခဲ့ပြီး မှားယွင်းပေးပို့ခဲ့သည့် အကျီတန်ဖိုးငွေကျပ် ၂၁၅,၀၀၀/-အား တိုင်ကြားသူ၏ Kpay Account အတွင်းသို့ ပြန်လည်ထည့်သွင်းပေးခဲ့မှု အပေါ် တိုင်ကြားသူမှ ကျေနပ်လက်ခံသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**Source: CICC**

၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇူလိုင်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဇွန်လ ဖြေရှင်းရန်ကျန် | ဇူလိုင်လ | ပေါင်း | ဇွန်လ လက်ကျန်မှ | ဇူလိုင်လ ကုန်စည် | ဇူလိုင်လ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | ၁ | | | ၁ | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၂ | | ၂ | | | ၁ | ၂ | ၃ | ၁ | | ၁ | ၂ | ၁ | ၆၆.၆၇% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၄ | ၁ | ၅ | ၃ | | ၁ | ၄ | ၁ | ၈၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၆ | ၂ | | ၅ | | ၈ | ၇ | ၁၅ | ၅ | ၁ | | ၆ | ၉ | ၄၀.၀၀% |
| ၁၀ | မွန်ပြည်နယ် | | ၂ | | ၂ | | | | ၂ | ၂ | | | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၅၀ | ၃၀ | ၁၃ | ၆ | ၃ | ၄၃ | ၅၂ | ၉၅ | ၂၉ | | ၅ | ၃၄ | ၆၁ | ၃၅.၇၉% |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၂ | ၁ | | | ၁ | ၁ | ၂ | ၃ | | | ၁ | ၁ | ၂ | ၃၃.၃၃% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | | ၄ | ၂ | | ၁ | ၁ | ၇ | ၄ | ၁၁ | ၄ | | | ၄ | ၇ | ၃၆.၃၆% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၃ | ၆၈ | ၃၆ | ၁၇ | ၁၃ | ၅ | ၆၄ | ၇၁ | ၁၃၅ | ၆၂ | ၁ | ၁၁ | ၅၄ | ၈၁ | ၄၀.၀၀% |
| | | ၇၁ | | ၇၁ | | | | | | | | ၁၂ | | | | |

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသောကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဟင်းလျာများတွင်အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ ကလေးတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်သောက် အချိုရည်



အမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၃) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ ကမ်းနားဈေးရှိ ကုန်စုံဆိုင်များ၊ တဂူသိမ်ဈေးရှိ ဆေးဆိုင်များအားလည်းကောင်း၊ မြိတ်မြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များအားလည်းကောင်း၊ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ ကုန်စုံဆိုင်များအားလည်းကောင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ သောက်ရေသန့်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့တွင် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့်

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှ အဆက်*

လည်းကောင်း၊ တံတားဦးမြို့နယ်အတွင်းရှိ အမှတ် (၁) အ. ထ. က ကျောင်း၊ အ. ထ. က (၅) ကျောင်း၊ မြို့မ အ. လ. က ကျောင်း၊ ပလိပ် အ. ထ. က ကျောင်း၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂၁) မိုးကြိုးပစ် အ. ထ. က ကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ မြင်းခြံမြို့ အမှတ် (၃) အ. ထ. က ကျောင်း၊ ညောင်းဦးမြို့၊ အမှတ် (၁) အ. ထ. က ကျောင်း၊ မိတ္ထီလာမြို့ အ. လ. က (၉) ကျောင်း၊ မိတ္ထီလာမြို့နယ်၊ ညောင်ကုန်း အ. လ. က ကျောင်းနှင့် လျှော်ဖြူကန် အ. လ. က (ခွဲ) ကျောင်းနှင့် ဝမ်းတွင်းမြို့နယ်၊ လျှော်ပင် အ. ထ. က (ခွဲ) ကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ စားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့၊ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ ပျော်ဘွယ်မြို့၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းခေါင်းစဉ်ဖြင့် Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကွမ်းခြံကုန်းမြို့နယ်ရှိ အ. မ. က သီရိမင်္ဂလာကျောင်းနှင့် မူလွန် (ဒေးဒနာ) ကျောင်း၊ ခရမ်းမြို့နယ်ရှိ ဥာဏ်ကျွန်းမူလွန်ကျောင်း၊ တွံတေးမြို့နယ်ရှိ အ. ထ. က (ခွဲ) ကျွန်းတော၊ လှည်းကူးမြို့ နယ်ရှိ အ. မ. က (ပေါက်ကုန်း) ကျောင်း၊ မှော်ဘီမြို့နယ်ရှိ အ. လ. က (လေထီး) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ (၂) ဈေး၊ စမ်းချောင်းမြို့နယ်ရှိ ရှမ်းလမ်းဈေး၊ ကမာရွတ်မြို့နယ်ရှိ ဆင်မင်းဈေး၊ အလုံမြို့နယ်ရှိ အလုံဈေးတို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အတူ ဒေါပုံမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ့ဆုံခြင်းအနေဖြင့် မရမ်းကုန်းမြို့နယ်ရှိ လက်ဖက်နှင့် အကြော်စုံလုပ်ငန်းရှင်၊ တောင်ဒဂုံမြို့နယ်ရှိ (ခေါက်ဆွဲ) လုပ်ငန်းရှင်၊ သန်လျင်မြို့နယ်ရှိ ပဲမျိုးစုံကုန်ချောစက်ရုံလုပ်ငန်းရှင်၊ ဗဟန်းမြို့နယ်ရှိ ဟိုတယ်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မအူပင်မြို့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်၊ ဟင်္သာတမြို့ရှိ ဟင်္သာတတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း၊ ဝါးခယ်မမြို့ရှိ GTI ကျောင်း၊ မြောင်းမြမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ဆရာဆရာမများ၊

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှ အဆက်*



ကြို့ပင်ကောက်မြို့နယ်၊ ဘုကြီးအုပ်စု၌လည်းကောင်း၊ ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နှင့် ဒိုက်ဦးမြို့နယ် ကျိုက်စကောရပ်ကွက်၌လည်းကောင်း၊ နတ်တလင်းခရိုင် သဲကုန်းမြို့ ရုံးပင်တက်ကျေးရွာ၌လည်းကောင်း၊ ပဲခူးမြို့၌လည်းကောင်း၊ တောင်ငူမြို့ အမှတ် (၂) ရပ်ကွက်၌လည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရေနံချောင်းမြို့၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့များရှိ အ. မ. က၊ အ. လ. က၊ အ. ထ. က ကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မကွေးမြို့၊ ချောက်မြို့များ၊ မင်းဘူး မြို့၊ စလင်းမြို့များရှိ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ၊ မင်းဘူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် မိဘပြည်သူများ၊ ပွင့်ဖြူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သော စာဖတ်ဝိုင်းမှ ကျောင်းသားကျောင်းသူများ၊ ပွင့်ဖြူမြို့ ကုန်းဇောင်းရွာရှိ မိဘပြည်သူများ၊ စလင်းမြို့ရှိ အ. မ. က၊ အ. လ. က၊ အ. ထ. က ကျောင်းများ၊ မကွေးမြို့ရှိ မကွေးတက္ကသိုလ်၊ သရက်မြို့ရှိ အ. မ. က၊ အ. လ. က၊ အ. ထ. က ကျောင်းများ၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ အ. မ. က၊ အ. လ. က၊ အ. ထ. က ကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပခုက္ကူမြို့ရှိ ခရိုင် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့နောက် သရက်မြို့၊ ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် ကျင်းပခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးခရိုင် ရေနံချောင်းမြို့ရှိ ဆန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ မကွေးမြို့၊ နတ်မောက်မြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ သရက်မြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့တို့ရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ ဖုန်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မင်းဘူးမြို့ရှိ သောက်ရေသန့်ရောင်းချသည့်လုပ်ငန်းရှင်၊ စလင်းမြို့ရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ ဂန့်ဂေါမြို့ရှိ အိမ်သုတ်ဆေးရောင်းချသည့် လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှ အဆက်*

လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင် (၇) လမ်း၊ အင်းဝင် (၁၀) လမ်း၊ မော်ကန် (၁၀) လမ်းနှင့် စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်များ၊ ဈေးပိုင်းရပ်ကွက်ရှိ စတိုးဆိုင်များအားလည်းကောင်း၊ ရေတာရှည်မြို့၊ တောင်ငူမြို့၊ ဖြူးမြို့နှင့် အုတ်တွင်းမြို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ ပြည်မြို့၊ ရွှေတောင်မြို့၊ ပန်းတောင်းမြို့နှင့် ပေါက်ခေါင်းမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ သာယာဝတီမြို့၊ မိုးညိုမြို့၊ ကြို့ပင်ကောက်မြို့၊ အုတ်ဖိုမြို့၊ လက်ပံတန်းမြို့နှင့် မင်းလှမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ ညောင်လေးပင်မြို့၊ ဒိုက်ဦးမြို့၊ ကျောက်တံခါးမြို့နှင့် ပြွန်တန်ဆာမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ ဇီးကုန်းမြို့၊ သဲကုန်းမြို့၊ နတ်တလင်းမြို့နှင့် ပေါင်းတည်မြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ သောက်ရေသန့်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်၊ သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် (၂) ကြိမ်၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် (၁၀) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် (၁) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၁၀) ကြိမ်၊ စုစုပေါင်း (၂၃) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၅) ကြိမ်၊ စုစုပေါင်း (၉) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးများတွင် ရောင်းချလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊အလှကုန်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့် လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေး

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

စာမျက်နှာ ၉ မှအဆက်

ခဲ့ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့် လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုးနှင့်စားသုံးဆီအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၉) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၆) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၅) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၇) ကြိမ်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၃) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၂) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံ/အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၂) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၁) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၂) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၄) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၁) ကြိမ် ဆောက်ရွက်ခဲ့ကြောင်း၊ အခြားကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်၊ စုစုပေါင်း (၆၁) ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုဇွန်တောင်မြို့နယ်ရှိ ရေကျော် City Mart တွင် ဘူးသွပ်ဆီအမျိုးမျိုး၌ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ပါဝင်ခြင်း ရှိ-မရှိ၊ ပုဇွန်တောင်မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်တို့ရှိ ဆေးဆိုင်များတွင် ပြည်တွင်းဆေးဝါး ပြတ်လပ်မှု ရှိ-မရှိ၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အွန်လိုင်းစနစ်ဖြင့် အထည်အလိပ်၊ အဝတ်အထည်များ ရောင်းချသည့်ဆိုင်သို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ်ရယူထားခြင်းရှိ-မရှိ၊ ရွှေပြည်သာမြို့နယ်ရှိ လက်ဖက်နှင့် အကြော်စုံလုပ်ငန်းအနေဖြင့် ကုန်ညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ လှိုင်သာယာမြို့နယ်ရှိ ဟင်းခတ်အမွှေးအကြိုင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီတွင် ကုန်ညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ မြောက်ဒဂုံမြို့နယ်ရှိ လက်ဖက်ခြောက်နှင့်ပဲကြော်စုံလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းများအနေဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့မဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ ကုန်တိုက်များတွင် ရောင်းချလျက်ရှိသော စားသုံးဆီအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြရာ၌ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက် အမှတ် (၁/၂၀၂၁) နှင့် ကိုက်ညီမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းရှိ ကုန်မျိုးစုံ ရောင်းချသည့်ဆိုင်များ၊ ဆန်ဆိုင်များ၊ ကျုံပျော်မြို့နှင့် ရေကြည်မြို့ရှိ အခြေခံပညာကျောင်းများမှ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



စာမျက်နှာ ၁၄ မှ အဆက်

ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာစီးပွားရေးတက္ကသိုလ်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်ရှိ အမှတ် (၅) အ. ထ. က ကျောင်းနှင့် တောင်ဖီလာရပ်ကွက်ရှိ အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း၊ ကန့်ဘလူခရိုင် ကျွန်းလှမြို့၊ အမှတ် (၂) ရပ်ကွက်ရှိ အ. ထ. က ကျောင်းနှင့် ပိတောက်မြိုင်ရပ်ကွက်ရှိ အမှတ် (၂) အ. မ. က ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အမှတ် (၅) ရပ်ကွက်ရှိ ပြည်သူများ၊ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကျောင်းနှင့် ရွှေမင်းဝံရပ်ကွက်ရှိ မိုးသောက်ကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေဘိုမြို့ အမှတ် (၂) ရပ်ကွက်ရှိ အ. ထ. က ကျောင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၂) ကြိမ် ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်ခရိုင် ထားဝယ်မြို့ MSME လုပ်ငန်းရှင်များအသင်းနှင့် Polytechnic University ၊ မြိတ်မြို့ မြစ်ငယ်ရပ်ရှိ အမှတ် (၁) အ. ထ. က ကျောင်းနှင့် အ. မ. က ကျောင်း၊ ကော့သောင်း မြို့ အ. ထ. က (၁) ကျောင်းနှင့် မူလွန်အတ္တဝါစာသင်ကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေး ဥပဒေပါသိကောင်းစရာများအကြောင်း ဟောပြောဆွေးနွေးခြင်း၊ အွန်လိုင်းရောင်းဝယ်မှုနှင့် ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများ၊ စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးတက္ကသိုလ်၌လည်းကောင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့ အ. ထ. က ကျောင်း၌လည်းကောင်း၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့ အ. ထ. က (၁) ၌လည်းကောင်း၊ သာယာဝတီခရိုင် မင်းလှမြို့ အ. ထ. က သရက်ပင်၌လည်းကောင်း၊ ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့ အ. လ. က (၂) ၌လည်းကောင်း၊ နတ်တလင်းခရိုင် ဇီးကုန်းမြို့ အ. လ. က (၁) ကျောင်းတို့ရှိ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ်(၅)ရပ်ကွက်၊ ပန်းတောင်းမြို့နယ်၊ ရွှေပင်ရပ်ကွက်၌လည်းကောင်း၊ သာယာဝတီခရိုင် လက်ပံတန်းမြို့ (၆) လမ်းရပ်ကွက်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှ အဆက်

| ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ | | | | | |
|---|---|---|---|---|---|
| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၁၀၇ | ၃၃၈ | ၁၀၇ | ၃၃၈ |
| ၂။ | ဖေဖော်ဝါရီလ | ၈၈ | ၂၆၁ | ၈၈ | ၂၆၁ |
| ၃။ | မတ်လ | ၈၇ | ၂၂၇ | ၈၇ | ၂၂၇ |
| ၄။ | ဧပြီလ | ၆၀ | ၂၅၀ | ၆၀ | ၂၅၀ |
| ၅။ | မေလ | ၆၈ | ၂၄၃ | ၆၈ | ၂၄၃ |
| ၆။ | ဇွန်လ | ၁၃၅ | ၅၂၇ | ၁၃၅ | ၅၂၇ |
| ၇။ | ဇူလိုင်လ | ၁၃၇ | ၄၈၆ | ၁၃၇ | ၄၈၆ |
| | စုစုပေါင်း | ၆၈၂ | ၂၃၃၂ | ၆၈၂ | ၂၃၃၂ |

**Source:** ထုတ်လုံ

## စားသုံးသူအသိပညာပေးကဏ္ဍ

## တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသောကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်



စေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ ၁၅ ကော်လံ ၁ သို့



စာမျက်နှာ ၁၀ မှ အဆက်

ကျောင်းမုန့်ဈေးတန်းများ၊ ကျောက်ကုန်းမြို့နယ်ရှိ ဆေးဆိုင်များ၊ မြောင်းမြမြို့နယ်ရှိ ဆီဆိုင်များ၊ မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းမုန့်ဈေးတန်းများ၌ ရောင်းချလျက်ရှိသော အသင့်စားမုန့်အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်အလက်များ ပြည့်စုံ ကိုက်ညီစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ မြန်မာဘာသာဖြင့် ဖော်ပြထားခြင်းရှိ-မရှိ၊ သက်ဆိုင်ရာဌာနထောက်ခံချက်များ ဖော်ပြထားရှိမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံး

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ ခေမာသီရိရပ်ကွက်၊ ကဝါးခရပ်ကွက်၊ စီတာပူရပ်ကွက်၊ အင်ဂျန်ဒုံရပ်ကွက်၊ ရှမ်းစုတောင်ရပ်ကွက်နှင့် အင်ဂျန်ဒုံရပ်ကွက်စည်ပင်သာယာဈေးတို့ရှိ ကုန်စုံဆိုင်များ၊ စက်မှုဇုန်ရပ်ကွက်ရှိ စက်ရုံ/အလုပ်ရုံများ၊ ရှမ်းစုမြောက်ရပ်ကွက်အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်များ၊ မြို့သစ်ရပ်ကွက်ရှိ ဆေးဆိုင်များ၊ ရမ်ပူရပ်ကွက်ရှိ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ အလားတူ မိုးညှင်းမြို့ နားခါရပ်ကွက်၊ စိမ်းရတနာမွန် (မြောက်) ရပ်ကွက်၊ မြို့မရပ်ကွက်နှင့် အမှတ် (၁) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင် များ၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်၊ နောင်စွန်းရပ်ကွက်ရှိ စက်ရုံ/အလုပ်ရုံ၊ မြို့မရပ်ကွက်ရှိ ဆေးဆိုင်၊ နားခါရပ်ကွက်ရှိ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ် အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ အရန်သင့်အစားအစာအမျိုးမျိုး ရောင်းချနေသော လက်လီလက်ကားကုန်စုံဆိုင်များ၊ ရှမ်းပိုင်းရပ်ကွက်အတွင်းရှိ ဝေယံစားသောက်ဆိုင်နှင့် အရန်သင့်အစားအစာအမျိုးမျိုး ရောင်းချနေသော လက်လီလက်ကားကုန်စုံဆိုင်များ၊ သီရိမင်္ဂလာဈေးအတွင်းရှိ အရန်သင့်

စာမျက်နှာ ၁၁ မှအဆက်

အစားအစာအမျိုးမျိုးရောင်းချနေသော လက်လီလက်ကား ကုန်စုံဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များနှင့် ပြည့်စုံမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြဝတီမြို့ အ. ထ. က (၁) ကျောင်း၊ အ. လ. က (၁) မူလွန်ကျောင်းနှင့် အ. ထ. က ခွဲ (၁) ကျောင်းတို့ရှိ မုန့်ဈေးတန်းများအားလည်းကောင်း၊ ဘားအံမြို့၊ အ. မ. က (၁၅) ကျောင်း၊ အ. မ. က (ရွှေကင်း) ကျောင်းနှင့် အ. ထ. ကခွဲ (၂) ကျောင်းတို့ရှိ မုန့်ဈေးတန်းဆိုင်များအားလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ထို့နောက် ကုန်စုံဆိုင်များ၊ စားသုံးဆီအရောင်းဆိုင်များ၊ ဆေးဆိုင်နှင့် ဆေးဝါးအမျိုးမျိုးအရောင်းဆိုင်များရှိ ရောင်းချနေသော ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ကိုက်ညီမှုရှိ- မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးအလိုက် ရောင်းချနေမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** သထုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ဘီးလင်းမြို့နယ်ရှိ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများနှင့် စက်သုံးဆီအရောင်းဆိုင်များ၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ မုဒုံမြို့နယ်ရှိ စက်သုံးဆီရောင်းဝယ်ရေးဆိုင်များနှင့် ချောင်းဆုံမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ သွားရောက်ပြီး စက်သုံးဆီ ပြတ်လပ်မှု ရှိ-မရှိ၊ အလေးချိန် လီတာပြည့်မပြည့်နှင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ သထုံမြို့နယ်ရှိ မြို့မဈေး၊ ချောင်းဆုံမြို့နယ်ရှိ အမှတ် (၂) ဈေး၊ သံဖြူဇရပ်မြို့နယ်ရှိ အမှတ် (၁) မြို့မဈေး၊ ကျိုက်မရောမြို့နယ်ရှိ အောင်ရတနာဈေး၊ မော်လမြိုင်မြို့နယ်ရှိ အမှတ် (၁) ဈေး၊ ပေါင်မြို့နယ်ရှိ မင်္ဂလာဈေးတို့ရှိ ဈေးဆိုင်များ၊ မုဒုံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်တို့ရှိ စတိုးဆိုင်များ၊ ချောင်းဆုံမြို့နယ်ရှိ မူလွန်(နတ်မှော်)ကျောင်း၊ မော်လမြိုင်မြို့ အ. ထ. က (ရွှေနတ်တောင်) ကျောင်းနှင့် သထုံခရိုင် အ. ထ. က (၂) ကျောင်းတို့ရှိ မုန့်ဈေးတန်းများသို့ သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ချောင်းဆုံမြို့နယ်အတွင်းနှင့် ဘီးလင်းမြို့ပေါ်တို့ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် စံမညီဆေးဝါးများ ရောင်းချမှုရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ပင်းတယမြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ မြို့မဈေးအတွင်းရှိ ဆန်ဆိုင်များ၊ ရွှေညောင်၊ အေးသာယာ၊ ပင်းတယ၊ နမ့်စန်၊ လွိုင်လင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီအရောင်းဆိုင်များ၊ အောင်ပန်းမြို့ရှိ အ. ထ. က (၈) ကျောင်းရှိ မုန့်ဈေးတန်း၊ တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်ရှိ စတိုးဆိုင်များ၊ ပင်းတယမြို့အတွင်းရှိ စားသောက်ဆိုင်များ၊ ပင်းတယမြို့ ရွာသစ်ရပ်ကွက်ရှိ အာလူးကြော်လုပ်ငန်း၊ လွိုင်လင်မြို့ပေါ်ရှိ စားသောက်ဆိုင်များနှင့် ကုန်စုံဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၃) အတွင်းရှိ ဝက်ခေါက်အမဲခေါက်လုပ်ငန်း၊ အမှတ် (၅) ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်များ၊ ရပ်ကွက် (၃) မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ရပ်ကွက် (၂) အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၂) နှင့် ရပ်ကွက် (၃) အတွင်းရှိ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့



စာမျက်နှာ ၁၂ မှအဆက်

ကိတ်မုန့်ပေါင်မုန့်လုပ်ငန်း၊ ကျိုင်းတုံမြို့ အ. ထ. က (၁) အတွင်းရှိ မုန့်အရောင်းဆိုင်များ၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ သောက်ရေသန့်လုပ်ငန်း၊ ဆန်ဆိုင် (က) ရပ်ကွက်ရှိ ဂျုံခေါက်ဆွဲလုပ်ငန်း၊ မကာအိုခမ်း ရပ်ကွက်ရှိ ကိတ်မုန့်ပေါင်မုန့်လုပ်ငန်းများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် (၈) ရှိ စားသောက်ဆိုင်များ၊ လားရှိုးမြို့ပေါ်ရှိ စားအုန်းဆီအရောင်းဆိုင်များသို့ သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်းရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိ နှင့် ဆေးနှင့် ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၁၉) ကြိမ် ဆောင်ရွက် နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်လုံ**

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း နှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို တစ်ဖက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

စာမျက်နှာ ၁၄ ကော်လံ ၁ သို့